**မဲဆွယ်စည်းရုံးသည့် ကာလအတွင်း မြန်မာနိုင်ငံတွင် ကာတာစင်တာ၏ရွေးကောက်ပွဲဆိုင်ရာ ထုတ်ပြန်ချက် (အောက်တိုဘာ ၂၇၊ ၂၀၁၅)**

**အဓိက အချက်အလက်များ**

စက်တင်ဘာလ(၈)ရက်နေ့တွင် စတင်ခဲ့သော မဲဆွယ်စည်းရုံးသည့် ကာလသည် ကာတာစင်တာမှ သွားရောက် လေ့လာခဲ့သော နေရာများတွင် ငြိမ်းချမ်းပြီး၊ အတော်အသင့် ကန့်သတ်မှုမရှိပေ။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ မဲဆွယ် စည်းရုံးရေးလုပ်ငန်းများကို များသောအားဖြင့် အတားအဆီးမရှိပဲ ဆောင်ရွက်နိုင်ကြသော်လည်း နိုင်ငံရေးနေရာသည် ဆက်လက်၍ မညီမျှပဲ ရှိနေပါသေးသည်။ အချို့ဒေသများတွင် လက်နက်ကိုင်အုပ်စု သို့မဟုတ် စစ်တပ်ရှိခြင်းတို့ဖြင့် ခြောက်လှန့်မှုနှင့် ကန့်သတ်မှု ဖြစ်ရပ်များရှိခဲ့ပြီး ပါတီဝင်များကိုလည်း ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများအကြောင်း တိုင်ကြားမှုများ ရှိခဲ့ပါသည်။ မဲဆွယ်စည်းရုံးမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ် လောင်းများအတွက် ကြီးမားသော ပြဿနာများ မဖြစ်စေပဲ များသောအားဖြင့် သင့်တော်လျော်ကန်စွာ လိုက်နာ ကျင့်သုံးစေပါသည်။ လူမျိုးစုများအကြား တင်းမာမှုများကို ပိုမိုဆိုးရွားစေမည့် အလားအလာ ရှိသော အမျိုးသားရေးနှင့် ဘာသာရေး စကားများအကြောင်း စိုးရိမ်မှုများကို နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့် ဒေသခံ ပြည်သူလူထုများသည် ဆက်လက်၍ ပြောဆိုနေကြပေသည်။ လူမှုမီဒီယာပေါ်တွင် စစ်တပ်အကြောင်း မှတ်ချက်များ တင်သည့် အတွက် အရပ်ဘက်လူမှု အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူနှစ်ဦးကို ဖမ်းဆီးခဲ့ခြင်းကလည်း နိုင်ငံရေးနေရာ၏ ဖွင့်ပေးထားမှုနှင့် ပတ်သက်၍ စိုးရိမ်စရာများကို ပို၍ ဖြစ်စေသည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် စက်တင်ဘာလ(၂၇)ရက်၌ ကြော်ငြာကပ်ထားမှု ပြီးဆုံးသွားသည့် မဲဆန္ဒရှင်များစာရင်းသည် အမှားအယွင်းများနှင့် ပတ်သက်၍ အတိအကျ စွပ်စွဲချက်များစွာတို့ သက်သေမပြနိုင်သည့် အသွင်ဆောင်နေသော်လည်း ယခုအချိန်အထိ အများပြည်သူများ၏ ဝေဖန်မှုကို ခံနေရဆဲဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)သည် နည်းစနစ်ပိုင်း ဆိုင်ရာ အမှားများနှင့် ထိန်းညှိချက်များကို အသိအမှတ်ပြုခဲ့ပြီး မြန်မာနိုင်ငံ ပြင်ပမှ မဲစာရင်း ပြဿနာများကို သတင်းမီဒီယာများတွင် ကျယ်ပြန့်စွာ ထည့်သွင်းဖော်ပြခဲ့ကြသည်။ မဲစာရင်း ပြဿနာများ၏ သက်ရောက်မှုကို ဆက်လက် စောင့်ကြည့်ရပါမည်။ မှန်းဆထားသည့် အရေအတွက်ထက် ပိုများသော ကျေးရွာများတွင် ရွေးကောက်ပွဲ ဖျက်သိမ်းမှုများအကြောင်း ကြေညာချက်သည် မဲပေးခွင့်မရခြင်းနှင့် ပတ်သက်၍ စိုးရိမ်မှုများ တိုးလာစေပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းမှ လူဦးရေ အများစုသည် ယခုအချိန်ထိ ရွေးကောက်ပွဲတွင် ပါဝင်နိုင်ခွင့်မှ ဖယ်ကြဉ်ခံနေရဆဲ ဖြစ်ပါသည်။ ကာတာစင်တာမှ အဖွဲ့များအနေဖြင့် ကန့်သတ်မှုမရှိသလောက် လွတ်လပ်စွာ လှုပ်ရှား သွားလာခွင့်နှင့် လုပ်ဆောင်နိုင်ခွင့် ဆက်ရှိသော်လည်း အချို့သော

ဒေသများတွင်မူ အဖွဲ့များအား စောင့်ကြည့်မှု သိသိသာသာ တိုးလာပါသည်။ ကာတာစင်တာသည် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးရာတွင် မဲပေးခြင်းကို စောင့်ကြည့်ရန် ခွင့်ပြုချက် မရသေးပါ။

## အကြံပြုချက်များ

*နိုင်ငံတော် အစိုးရ*

- အွန်လိုင်းပေါ်တွင် လှောင်ပြောင် ဝေဖန်သည်များကို တင်သည့်အတွက် ဖမ်းဆီးထားသည့် တက်ကြွလှုပ်ရှားသူနှစ်ဦးကို ပြန်၍ လွှတ်ပေးသင့်ပါသည်။ နိုင်ငံရေးပါတီများမှ တက်ကြွ လှုပ်ရှားသူများ၊ ကိုယ်စားလှယ်လောင်းများနှင့် သတင်း မီဒီယာတို့ အနှောင့်အယှက် ပေးမှုဒဏ်များ မခံရစေအောင် လုပ်ဆောင်ချက်များကို ဆောင်ရွက်ရပါမည်။
- ရွေးကောက်ပွဲနေ့ နီးလာသည်နှင့်အမျှ ရဲနှင့် အခြားသော လုံခြုံရေး အဖွဲ့အစည်းများအား ရွေးကောက်ပွဲ လုံခြုံရေး အစီအစဉ်များကို ခွဲခြားဆက်ဆံမှု မရှိသလို ကိုယ်စားလှယ်များ၊ သတင်း မီဒီယာနှင့် ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်သူများ၏ လှုပ်ရှားမှုများကို ဝင်ရောက် စွက်ဖက်ခြင်း မရှိသည့် ပုံစံဖြင့် ဆောင်ရွက်ရန် ညွှန်ကြားရမည်။

*ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်*

- ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်(UEC)သည် အထူးသဖြင့် မဲဆွယ် စည်းရုံးမှု ကာလအတွင်း ဘာသာရေးကို အလွဲအသုံးချမှုဟု စွပ်စွဲသည့် တိုင်ကြားမှုများ အပါအဝင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းပြီး အချိန်မီ တုန့်ပြန်မှုများ ပေးသင့်ပါသည်။ ရွေးကောက်ပွဲ စည်းကမ်း ချိုးဖောက်မှုများကို ချက်ချင်း စုံစမ်း စစ်ဆေးမှုများ ရှိအောင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ဥပဒေဘက်တော်သား အဖွဲ့အစည်းများနှင့် အတူ အလုပ်လုပ်သင့်ပါသည်။
- မဲဆန္ဒရှင်ကတ်ပြားများသည် မဲပေးရန်အတွက် မဖြစ်မနေ လိုအပ်ခြင်း မဟုတ်ကြောင်းကိုပါ ထည့်သွင်းပြီး မဲဆန္ဒရှင်ဖြစ်ကြောင်း အထောက်အထားပြရန် လိုအပ်ချက်များကို အများပြည်သူ သိရှိရန် ကျယ်ပြန့်စွာ ထုတ်ပြန် ကြေညာသင့်ပါသည်။
- မဲစာရင်း၏ နည်းစနစ်ဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဖြေရှင်းရန် ဆောင်ရွက်ထားသော လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး ပို၍ ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် ဒေသများဟူ၍ ဆုံးဖြတ်ရာတွင် ထည့်သွင်း စဉ်းစားခဲ့သည့် စံနှုန်းများကိုလည်း အများပြည်သူ သိရှိအောင် ကြေညာသင့်ပါသည်။
- မဲပေးခြင်းနှင့် မဲရေတွက်ခြင်းအပေါ်တွင် ပြည်တွင်းမှ လေ့လာ စောင့်ကြည့်သူများကို ၎င်းတို့၏ နည်းလမ်းများနှင့် ကိုက်ညီမှုရှိအောင် မပိတ်ပင် မဟန့်တားစေရန် မဲရုံတာဝန်ခံအရာရှိများအား

ဌင်းတို့၏ လုပ်ပိုင်ခွင့်ဖြင့် မဲရုံအတွင်း ဝင်ထွက်သွားလာခွင့်ကို ကန့်သတ်မှုကို ကျင့်သုံးရန် ညွှန်ကြား သင့်ပါသည်။

- မဲပေးမှုဖြစ်စဉ်၏ ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ် မှန်ကန်မှုဟူသော အကျိုးစီးပွားအတွက် ကာတာစင်တာအနေဖြင့် အထူးသဖြင့် စစ်တပ်နှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များ၏ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးမှုများ အပါအဝင် ကြိုတင်မဲကို ပြည်တွင်းပြည်ပ လေ့လာစောင့်ကြည့်သူများနှင့် ပါတီကိုယ်စားလှယ်များအနေဖြင့် အပြည့်အဝ လေ့လာစောင့်ကြည့်မှုနိုင်ရန် ထိုကြိုတင်မဲနှင့် ပတ်သက်သော ယခင်က ပေးခဲ့သော အကြံပြုချက်များကို ထပ်လောင်း အကြံပေးအပ်ပါသည်။

ယခုထုတ်ပြန်ချက်သည် ရွေးကောက်ပွဲ မဲဆွယ် စည်းရုံးသည့်ကာလအတွက် ကာတာစင်တာ၏ ဒုတိယအကြိမ်မြောက် ထုတ်ပြန်ချက်ဖြစ်ပြီး[1] အောက်တိုဘာလ(၂၀)ရက်နေ့မှအထိ မဲဆွယ် စည်းရုံးမှုများအကြောင်းကို ရေးသားထားပါသည်။ ဧရာဝတီ၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီး၊ ကချင်၊ ကယား၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များသို့ သွားရောက်ခဲ့သည့် ကာတာစင်တာ၏ ကွင်းဆင်း လေ့လာတွေ့ရှိချက်များအပေါ် အခြေခံထားပါသည်။

## မဲဆွယ်စည်းရုံးမှု ဝန်းကျင်၊ အငွေ့အသက်၊ တိုင်ကြားမှုများနှင့် နိုင်ငံရေးနေရာ

မဲဆွယ် စည်းရုံးမည့်ကာလ စတင်သည့် ရက်သတ္တပတ်များမှစပြီး နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ လှုပ်ရှားမှု တိုးလာခဲ့ပါသည်။ များစွာသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များမှ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတလျှောက် မဲဆွယ် စည်းရုံးနေကြသည်ကို ကာတာစင်တာသည် လေ့လာစောင့်ကြည့်ခဲ့ပြီး ရောက်ရှိခဲ့သော ဒေသအားလုံးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)တို့၏ တက်ကြွစွာ မဲဆွယ် စည်းရုံးခြင်းနှင့် တိုင်းရင်းသား ပြည်နယ်များတွင် တိုင်းရင်းသားနှင့် တိုင်းဒေသကြီးအဆင့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ တက်ကြွစွာ မဲဆွယ် စည်းရုံးနေသည်ကို တွေ့ရပါသည်။[2] မဲဆွယ် စည်းရုံးသည့် လှုပ်ရှားမှုသည် မဲဆွယ် စည်းရုံးမှု မလုပ်ရန် ကန့်သတ်ထားသော ကာလ မစတင်မီ နိုဝင်ဘာလ၏ ပထမပတ်တွင် အမြင့်ဆုံး ရောက်လာမည်ဟု မှန်းဆထားပါသည်။

---

[1] ပထမထုတ်ပြန်ချက်၊ ၂၀၁၅ခုနှစ် စက်တင်ဘာလ(၂၅)ရက်ထုတ် မြန်မာနိုင်ငံအတွင်း ကိုယ်စားလှယ်လောင်းများ စီစစ်ရေးလုပ်ငန်းစဉ်နှင့် မဲဆွယ် စည်းရုံးမှု ဝန်းကျင်ဆိုင်ရာ ကာတာစင်တာ၏ ထုတ်ပြန်ကြေညာချက်ကို www.cartercenter.org/news/pr/myanmar-092515-pre-election.html တွင် ဖတ်ရှုနိုင်ပါသည်။

[2] နိုင်ငံရေးပါတီ(၉၁)ခု မှတ်ပုံတင်ထားပြီးသည့်အနက် (၇၉)ပါတီသည် နိုင်ငံရေးပါတီများ၏ ကျင့်ဝတ်စည်းကမ်းများကို လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

လူထုစုဝေးပွဲငယ်များ၊ အစည်းအဝေးများ၊ တစ်အိမ်တက်ဆင်း တွေ့ဆုံ မဲဆွယ် စည်းရုံးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆန္ဒရှင်များကို မဲဆွယ် စည်းရုံးရာတွင် အဓိက သုံးသော နည်းလမ်းများ အဖြစ်တွေ့မြင်ရပြီး ကြီးမားသော နိုင်ငံရေး စုဝေးပွဲမျိုးကိုတော့ မရှိပေ။ မြို့ပြနေရာများတွင် နိုင်ငံရေးပါတီများသည် သီချင်းများနှင့် ပါတီဆောင်ပုဒ်များကို ဖွင့်ထားသည့် အသံချဲ့စက်များ တပ်ဆင်ထားသော အလှုပြကားများကို အသုံးပြုကြသည်။ ကာတာစင်တာမှ လေ့လာသူများသည် အောက်တိုဘာလ (၁၁)ရက်နေ့က ပဲခူးနှင့် ရန်ကုန်ကြားတွင် ကျင်းပခဲ့သောပွဲနှင့်၊ ရခိုင်ပြည်နယ် သံတွဲမြို့တွင် အောက်တိုဘာလ (၁၇)နေ့တွင် ကျင်းပခဲ့သော မဲဆွယ်စည်းရုံးပွဲများအပါအဝင် NLDမှ ကျင်းပခဲ့သည့် လူဦးရေ သောင်းနှင့် ချီ၍တက်ရောက်သော မဲဆွယ်စည်းရုံးပွဲများကို တက်ရောက်ခဲ့ပါသည်။ ကာတာစင်တာအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးများတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကျင်းပခဲ့သော၊ ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရနယ်မြေတွင် ပအိုဝ်း အမျိုးသား အဖွဲ့အစည်းမှ ကျင်းပခဲ့သော လူဦးရေ ထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြသည့် မဲဆွယ်ပွဲကြီးများကိုလည်း လေ့လာခဲ့ပါသည်။ ထိုသို့တက်ရောက်လေ့လာ စောင့်ကြည့်ခဲ့သော မဲဆွယ် စည်းရုံးပွဲများအားလုံး ငြိမ်းချမ်းပြီး အခြားဖြစ်ရပ် တစုံတရာ မရှိသည်ကို တွေ့ရှိရပါသည်။

အတည်ပြုချက်များကို စောင့်စားနေချိန်မှာပင် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးမှု လုပ်ငန်းများကို စတင်နိုင်ကြောင်း UECမှ ရှင်းလင်းပြပြီး မဲဆွယ်စည်းရုံးမည့် အစီအစဉ်များကို တင်သွင်းခြင်းကို စီမံခန့်ခွဲသည့် များပြား ရှုပ်ထွေးလှသည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ စိုးရိမ်စိတ်များကို ကိုင်တွယ် ဖြေရှင်းပေးခဲ့ပါသည်။ ကော်မရှင်ခွဲများသည်လည်း စည်းကမ်းချက်များကို လိုက်နာစေရန် ဆောင်ရွက်ရာတွင် ပိုမိုပျော့ပျောင်းသော နည်းလမ်းကို ကျင့်သုံးခဲ့ကြသည်။ ကော်မရှင်ခွဲများသည် မဲဆွယ် စည်းရုံးမည့် အစီအစဉ်များတွင် လိုအပ်သည့် အသေးစိတ် အချက်အလက်အဆင့်များ ကွာခြားပြီး ပြင်လွယ် ပြောင်းလွယ်ဖြစ်မှု ပေါင်းစုံဖြင့် မဲဆွယ် စည်းရုံးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အဓိပ္ပါယ် ဖွင့်ဆိုခြင်းနှင့် လိုက်နာ ကျင့်သုံးစေခြင်းတို့သည် များစွာ ကွဲပြားကြပါသည်။ မည်သို့ပင်ဆိုစေကာမူ မဲဆွယ်စည်းရုံးမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာ ကျင့်သုံးစေခြင်းကြောင့် နိုင်ငံရေးပါတီများ သော်လည်းကောင်း၊ ကိုယ်စားလှယ်များ သော်လည်းကောင်း၊ ကာတာစင်တာမှ သွားရောက်ခဲ့သည် မည်သည့် ဒေသများတွင် မဆို ကြီးမားသော ပြဿနာများ နှောင့်နှေးမှုများ ဖြစ်ခဲ့ပုံမရပေ။

သွားရောက်လေ့လာခဲ့သော ပြည်နယ်တိုင်းနှင့် တိုင်းဒေသကြီးတိုင်းတွင် နိုင်ငံရေးပါတီများနှင့် ရပ်ရွာ ဒေသခံများအနေဖြင့် အမျိုးသားရေးနှင့် ဘာသာတရားကို အသုံးချသည့် အနှောင့်အယှက် ပေးနိုင်သည့် အလားအလာရှိသော စကားလုံးများကို မဲဆွယ်စည်းရုံးသည့် ကာလအတွင်း

အသုံးပြုမှုများနှင့် ပတ်သက်၍ စိုးရိမ်စိတ်များကို ကြားခဲ့ရပါသည်။[3] အထူးသဖြင့် မ ဘ သ ခေါ် အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့နှင့် ပတ်သက်၍ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ပေးမည့် ဥပဒေများ ပြဋ္ဌာန်းပေးခြင်းအပေါ်တွင် ဂုဏ်ပြုဆင်နွှဲရာမှ အောက်တိုဘာလ(၄)ရက်နေ့တွင် ရန်ကုန်မြို့၌ လူပေါင်း ၂၀၀၀၀ခန့်ဖြင့် အမျိုး ဘာသာ သာသနာ အောင်ပွဲကြီးတစ်ခု ကျင်းပဖြစ်ခဲ့ခြင်းအပေါ် စိုးရိမ်မှုများကို ကြားခဲ့ရသည်။[4] ထိုသို့သော ပွဲများသည် ပြဿနာ တစုံတရာမရှိပဲနှင့် အောင်မြင်စွာ ပြီးဆုံးသွားသော်လည်း မဲဆွယ်စည်းရုံးနေစဉ် အချို့သော ကိုယ်စားလှယ်လောင်းများကို အဓိက ပစ်မှတ်ထား၍ မ ဘ သမှ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း အပါအဝင် ဘာသာရေးကို အလွဲသုံးစား အသုံးပြုကြောင်း တရားဝင် တိုင်ကြားမှု အနည်းဆုံး လေးခုရှိခဲ့သည်။ ဤတိုင်ကြားချက်များအား တရားဝင် ဖြေကြားမှုကို ပါတီများ မရရှိသေးပေ။

တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲ ကော်မရှင်များသည် မဲဆွယ်စည်းရုံးမှုနှင့် စပ်လျဉ်း၍ တိုင်ကြားချက် စုစုပေါင်း (၄၀) ရရှိကြောင်း ကာတာစင်တာမှ လေ့လာတွေ့ရှိရပါသည်။ မဲဆွယ်စည်းရုံးမှုတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ မဲဆွယ်စည်းရုံးမှုသုံး ပစ္စည်းများကို ဖျက်ဆီးခြင်း၊ မဲဆွယ် စည်းရုံး လှုပ်ရှားမှုများကို ဟန့်တားခြင်းနှင့် မမှန်ကန်သော သတင်း အချက်အလက်များ အသုံးပြုခြင်းနှင့် အခြား မဲဆွယ် စည်းရုံးမှုဆိုင်ရာ ချိုးဖောက်မှုများတို့ပါဝင်သည့် တိုင်ကြားချက်များကို အဓိကအားဖြင့် USDPနှင့် NLDတို့မှ တိုင်ကြားခဲ့ကြပါသည်။ အချို့သော ဒေသများတွင် မကျေနပ်ချက်များ ရှိသော်ငြားလည်း တိုင်ကြားရန် ဝန်လေးမှုရှိကြောင်း လေ့လာ စောင့်ကြည့်သူများ တွေ့ရှိ မှတ်သားခဲ့ပါသည်။ ထို့အပြင် ပါတီကို ထောက်ခံသူများအား ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု သို့မဟုတ် ခြိမ်းခြောက်မှု(၃)မှု အပါအဝင် ရဲသို့ တိုင်ကြားမှု(၉၄)မှု ရှိထားပါသည်။ တုန့်ပြန်မှုအဖြစ် (၇၈)မှုကို အမှုဖွင့်ခဲ့ပြီး ၎င်းတို့အထဲမှ (၆၂)မှုသည် စုံစမ်းစစ်ဆေးရန် စောင့်ဆိုင်းနေပါသည်[5]။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ပြည်ထောင်စုအဆင့်တွင် တိုင်ကြားချက် မည်မျှ ရရှိခဲ့သည် သို့မဟုတ် မည်သို့သော တိုင်ကြားချက်များ လက်ခံရရှိခဲ့သည်ကို ထုတ်ဖော် မကြေညာခဲ့သလို ရွေးကောက်ပွဲ စောင့်ကြည့်သူများအား နိုင်ငံတဝန်းလုံးတွင် ကော်မရှင်ခွဲများအား တိုင်ကြားချက် မည်မျှ လက်ခံရရှိခဲ့ကြောင်း သတင်းအချက်အလက် မထုတ်ပေးခဲ့ပေ။ မဲဆွယ် စည်းရုံးပွဲတစ်ခုကို နှောင့်ယှက်ခဲ့သော ကချင်ပြည်နယ်မှ ဖြစ်ရပ်တစ်ခုအပါအဝင် NLD ထောက်ခံသူများအား

---

[3] ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့် ရွေးကောက်ပွဲ ဥပဒေများသည် နိုင်ငံရေး ရည်ရွယ်ချက်အတွက် ဘာသာရေးကို အသုံးပြုခြင်းကို တားမြစ်ထားပါသည်။ နိုင်ငံရေးပါတီများမှလည်း လူမျိုးရေးဖြစ်စေ ဘာသာရေး ဖြစ်စေ ခွဲခြားဆက်ဆံသော စကားအသုံးအနှုန်းများကို မသုံးရန် ကျင့်ဝတ်စည်းကမ်းထဲတွင် ကတိပြုထားကြပါသည်။

[4] ဥပဒေ (၄) ခုတွင် မယားအများအပြားယူခြင်းကို တားမြစ်သည့် ဥပဒေ (တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ)၊ ဘာသာမတူသူများ လက်ထပ်ထိမ်းမြားခြင်း ဥပဒေ (မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ)၊ ကိုးကွယ်မှုဘာသာ ကူးပြောင်းခြင်းဥပဒေ (ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ)တို့ ပါဝင်ပြီး တချိန်တည်းမှာ လူဦးရေ ထိန်းချုပ်ခြင်း ဆိုင်ရာနည်းလမ်းများကို ချမှတ်နိုင်မည့် ဥပဒေ (လူဦးရေတိုးပွားမှု ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ)လည်း ပါရှိပေသည်။

[5] အောက်တိုဘာလ(၂၀)ရက်နေ့တွင် ကျင်းပခဲ့သော အစည်းအဝေးတွင် UECမှ တင်ပြခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစီရင်ခံစာအရ ဖြစ်ပါသည်။

ကိုယ်ထိလက်ရောက် ရန်ပြုခဲ့ သို့မဟုတ် ခြိမ်းခြောက်ခဲ့သော အမှု ငါးမှုအကြောင်း NLDမှ ကာတာစင်တာသို့ ပြောပြခဲ့ပါသည်။

မဲဆွယ်စည်းရုံးခြင်းသည် များသောအားဖြင့် ငြိမ်းချမ်း၍ ကန့်သတ်မှုမရှိဟု ဆိုသော်လည်း မြန်မာနိုင်ငံတစ်ခုလုံးရှိ နိုင်ငံရေး နေရာသည်မူ မျှတခြင်း မရှိပေ။ သွားရောက်လေ့လာခဲ့သော နေရာများတွင် နိုင်ငံရေးပါတီတိုင်းသည် မဲဆွယ်စည်းရုံးရန်အတွက် တန်းတူ အခွင့်အရေး မရခဲ့ကြပေ။[6] ဥပမာ ပဲခူးတိုင်းဒေသကြီးရှိ ဇီးကုန်းမြို့နယ်တွင် အကြီးတန်းအစိုးရ အရာရှိကြီးများ ပါဝင် ယှဉ်ပြိုင်နေသည့် အချို့သော မဲဆန္ဒနယ်များတွင် နိုင်ငံရေးပါတီနှစ်ခုမှ ကိုယ်စားလှယ်လောင်းများ၏ အောင်နိုင်ရေးဆိုင်းဘုတ်များကို အတင်း ဖယ်ရှားခိုင်းခဲ့ကြောင်း အဆိုပါ ကိုယ်စားလှယ်လောင်းများမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများအား တိုင်ကြားခဲ့ပါသည်။ အခြားသော ဥပမာများတွင် ပြိုင်ဘက်နိုင်ငံရေးပါတီများမှ သော်လည်းကောင်း၊ မ ဘ သ ထောက်ခံသူများ၏ ကန့်ကွက်ချက်များ ထွက်လာပြီး နောက်ပိုင်းတွင်လည်းကောင်း၊ ဆိုင်းဘုတ်များကို ဖယ်ရှားခံခဲ့သည်ဟုလည်း တိုင်ကြားခဲ့ပါသည်။ NLDသည်လည်း ကိုကိုးကျွန်းဟူသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝေးလံသော ကျွန်းမဲဆန္ဒနယ်သို့ သွားရောက် မဲဆွယ် စည်းရုံးရန်အတွက် ခွင့်ပြုချက်မရခဲ့ကြောင်း တရားဝင် တိုင်ကြားခဲ့ပြီး ထိုသို့ တိုင်ကြားပြီးသည့်အခါမှ ကိုယ်စားလှယ်လောင်းများကို ထိုကျွန်းသို့ သယ်ယူပို့ဆောင်ပေးရန် သင်္ဘောတစ်စင်းကို နောက်ဆုံးတွင် စီစဉ်ပေးခဲ့သည်။ အချို့သောဒေသများတွင် အထူး စုံစမ်းစစ်ဆေးရေး ရဲတပ်ဖွဲ့ (Special Branch)မှ နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများကို လုပ်ငန်းဆောင်ရွက်ချက်များကို အနီးကပ် လေ့လာ စောင့်ကြည့်နေကြောင်း ပြောကြားခဲ့ပြီး ကာတာစင်တာမှ မဲဆွယ် စည်းရုံးပွဲများစွာတွင် အရပ်ဝတ်လုံခြုံရေးအဖွဲ့များကို တွေ့ရှိခဲ့ပါသည်။

အောက်တိုဘာလလယ်တွင် တက်ကြွလှုပ်ရှားသူနှစ်ဦးကို လူမှုမီဒီယာပေါ်တွင် စစ်တပ်အကြောင်း လှောင်ပြောင်သည့် စာများ တင်သည့်အတွက် ဖမ်းဆီးခဲ့ပါသည်။[7] နှစ်ယောက်စလုံးသည် ယခုအချိန်အထိ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခံရန် ထောင်ထဲတွင် စောင့်ဆိုင်းနေဆဲ

---

[6] ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် နိုင်ငံတကာစံနှုန်းများသည် နိုင်ငံရေးအယူအဆကို အခြေခံ၍ ခွဲခြားဆက်ဆံမှုကို တားမြစ်ထားပြီး မဲပေးခွင့်၌ တန်းတူညီမျှမှု လိုအပ်ပြီး အခွင့်အရေး နှံးတူညီမျှမှု အထိ ပါဝင်သည်။ (နိုင်ငံသားနှင့် နိုင်ငံရေး၊ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ် ICCPR အပိုဒ်(၂)နှင့်(၂၅)ကို လေ့လာပါရန်)

[7] Human Rights Watch*အဖွဲ့။ မြန်မာနိုင်ငံ၊ အွန်လိုင်းပေါ်တွင် စစ်တပ်ကို လှောင်ပြောင်သည့်အတွက် တက်ကြွ လှုပ်ရှားသူများအား တရားစွဲခြင်း၊* ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်၊ Amnesty Internationalအဖွဲ့၊ မြန်မာ။ *ပိုမိုပြင်းထန်လာသည့် ဖိနှိပ်မှုများအောက်တွင် ရွေးကောက်ပွဲ မတိုင်ခင် နိုင်ငံရေး အကျဉ်းသား (၁၀၀)ခန့် အချုပ်ခံနေရ၊* ၂၀၁၅ခုနှစ် အောက်တိုဘာလ(၈)ရက်။

ဖြစ်ပါသည်။[8] မြန်မာတပ်မတော်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးမှုများတွင် အများအားဖြင့်မပါဝင်ခဲ့ပေ။ သို့သော်လည်း တပ်မတော်သားများ အပေါ် စာနာမှုရှိသော၊ အမျိုးသားရေးနှင့် ဘာသာရေးကိုစနစ်တကျကာကွယ်မှုပေးနိုင်သော၊နိုင်ငံခြားသားများ၏လွှမ်းမိုးမှုမရှိသော( NLD ခေါင်းဆောင်ဒေါ် အောင်ဆန်းစုကြည်၏နိုင်ငံခြားသားမိသားစုကိုသွယ်ဝိုက်ဆိုလိုသည်ဟု အများကနားလည်ကြသည်)ကိုယ်စားလှယ်လောင်းများကိုကူညီပေးသင့်သည်ဟုကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ တပ်မတော်သားများကိုတိုက်တွန်းပြောကြားခဲ့သည်။[9]

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော အချို့သော ဒေသများတွင်လည်း နိုင်ငံရေးနေရာကို ကန့်သတ် ချုပ်ချယ်ထားသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် လက်နက်ကိုင်အဖွဲ့များမှ နိုင်ငံရေးပါတီများကို မဲဆွယ်မစည်းရုံးရန် ကန့်သတ်မည်ဟု ခြိမ်းခြောက်ခဲ့ခြင်း သို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ လုံခြုံရေးကို အာမခံ မပေးနိုင်ဟု ပြောဆိုခြင်းများ ရှိခဲ့ပါသည်။ ရှမ်းပြည်နယ် တောင်ပိုင်းရှိ ပအိုးဝ်နှင့် ပလောင်ဝ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေများတွင် NLDနှင့် USDPနှစ်ခုလုံးမှ ထိရောက်စွာ မဲဆွယ်စည်းရုံးခြင်း မလုပ်နိုင်ခဲ့ကြောင်း တိုင်ကြားခဲ့ကြသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အစိုးရကို ဆန့်ကျင်သည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရကို ထောက်ခံသည့် လက်နက်ကိုင် တပ်ဖွဲ့များ (ပြည်သူ့စစ်များ) နှစ်မျိုးလုံး ရှိခြင်းကြောင့် အထူးသဖြင့် ကျေးလက်ဒေသများတွင် အမျိုးသားနိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းကို အတော်ပင် ကန့်သတ်ထားခဲ့သည်။ ကချင်ပြည်နယ်တွင် ဒီမိုကရက်တစ် တပ်မတော်သစ်-ကချင်မှ NLDကိုယ်စားလှယ်လောင်းများကို မဲဆွယ်စည်းရုံးခြင်း တားမြစ်ခဲ့သဖြင့် ထိုပြဿနာကို ပြည်နယ်အဆင့် ဖြန်ဖြေရေးကော်မတီ အစည်းအဝေးမှ တစ်စိတ်တစ်ပိုင်း ဖြေရှင်းပြီးသော်လည်း မကြာသေးမီက ဖွဲ့စည်းထားသည့် ဖြန်ဖြေရေးကော်မတီများ ရှေ့မှောက်သို့ ရောက်လာခဲ့သော အငြင်းပွားမှုများထဲမှ တစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ တည်ထောင်ပေးထားသည့် ဖြန်ဖြေရေး ကော်မတီများသည် အချို့သောပြဿနာများကို ဖြေရှင်းရာတွင် ထိရောက်မှု ရှိပါသည်။ ကချင်ပြည်နယ်အပြင် ရခိုင်အမျိုးသားပါတီ၏ တိုင်ကြားချက်များကိုလည်း ရခိုင်ပြည်နယ်အဆင့် ဖြန်ဖြေရေးကော်မတီ ရှေ့မှောက်သို့ တင်သွင်းခဲ့ပြီးနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အငြင်းပွားဖွယ် ဆိုင်းဘုတ်များကို ဖယ်ရှားရန် သဘောတူခဲ့ပါသည်။ ရှမ်းပြည်နယ် လွိုင်လင်ခရိုင်တွင်လည်း

[8] ICCPR၏ အပိုဒ်(၁၉)တွင် လွတ်လပ်စွာ ရေးသားပြောဆိုခွင့်ကို ကာကွယ်ပေးထားပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ အထွေထွေ မှတ်ချက်(၃၄)တွင်လည်း ကန့်သတ် ချုပ်ချယ်ရန်အတွက် အလားအလာရှိသည့် အကြောင်းအရာများကို ဌာန်းထားပြီး "အထူးသဖြင့် စစ်တပ် သို့မဟုတ် အစိုးရကဲ့သို့သော အဖွဲ့အစည်းများ"ကို ဝေဖန်မှုဆိုင်ရာ ကန့်သတ်ချက်များကို အတိအကျ ဖော်ပြထားသည်။

[9] ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ တပ်မတော်သားအရာရှိများနှင့်အောက်တိုဘာ ၂၈ ရက်နေ့ ကတွေ့ ဆုံရာတွင်ပြောကြားခဲ့ပြီး၊ သူ၏ Facebook တွင်လည်းဖော်ပြခဲ့ပါသည်။

ရှမ်းတိုင်းရင်းသား ပါတီများအကြား ဖြစ်ပွားနေသည့် အငြင်းပွားမှုကို ဖြေရှင်းရန် ဖြေရှင်းရေးကော်မတီ အစည်းအဝေးကိုလည်း ကာတာစင်တာမှ လေ့လာစောင့်ကြည့်ခဲ့သော်လည်း ပြဿနာကို ထိရောက်စွာ ဖြေရှင်းခဲ့သည်ကိုတော့ မကွဲပြားပါ။ အခြားအမှုများကို ဖြေရှင်းရာတွင် ဖြန်ဖြေရေးကော်မတီများသည် အဓိကကျသည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ဆိုပါသည်။

## မဲဆန္ဒရှင်စာရင်းနှင့် မည်သူမည်ဝါ ဖြစ်ကြောင်း စစ်ဆေးခြင်း၊

စွပ်စွဲချက်များစွာတို့တွင် သက်သေအခိုင်အမာမရှိသော်လည်း တစ်နိုင်ငံလုံးတွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာခြင်းသည် နေရာတကာတွင် များစွာသော အမှားစွပ်စွဲချက်များအလယ်တွင် ပြီးဆုံးသွားခဲ့ပါသည်။ မဲစာရင်းကို ထိန်းသိမ်းရန် အသုံးပြုသည့် ဆော့ဖ်ဝဲတွင် နည်းပညာအခက်အခဲ အချို့နှင့် တစ်နိုင်ငံလုံး မဲစာရင်းကပ်ရန် ပြင်ဆင်ရာတွင်နှင့် ပုံနှိပ်ရာတွင် လူ့အမှားများလည်း ရှိခဲ့ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အသိအမှတ်ပြု ပြောကြားသော်လည်း ထိုပြဿနာများကို ချက်ချင်း ကိုင်တွယ် ဖြေရှင်းခဲ့သည်ဟု ဆိုပါသည်။ အချို့သော ကော်မရှင်ခွဲများသည် မည်သည့် အချိန်တွင် မည်သူက ပြောင်းလဲမှုများနှင့် အမှားပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်[10]ကို ခြေရာခံနိုင်စွမ်းကဲ့သို့သော အကာအကွယ်များ မပါရှိနိုင်သည့် အဆင်ပြေသလို ဖြေရှင်းသည့် နည်းလမ်းများကို အသုံးပြုရန် တရားဝင် ဆော့ဖ်ဝဲ အသုံးပြုခြင်းကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ နိုင်ငံပြင်ပ မဲဆန္ဒရှင်စာရင်းဆိုင်ရာ ပြဿနာများကိုလည်း သတင်းမီဒီယာများက ကျယ်ပြန့်စွာ ရေးသားခဲ့ကြသည်။[11] မဲဆန္ဒရှင် စာရင်း ပြဿနာများ၏ အဘက်ဘက်မှ အရေးကြီးမှုနှင့် အတိုင်းအတာသည် မကွဲပြားပေ။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် မဲဆန္ဒရှင်စာရင်းကို မကြာသေးခင်က နောက်ဆုံး ထုတ်ပြန်ကြေညာခဲ့သည်များကို ကာတာစင်တာမှ လေ့လာခဲ့ပါသည်။ နေရာအားလုံးနီးပါးတွင် မဲစာရင်းကို စက်တင်ဘာလ(၁၄)ရက်နေ့တွင် စတင် ထုတ်ပြန်ကြေညာခဲ့ပြီး စက်တင်ဘာလ (၂၇)ရက်နေ့တွင် ကြေညာမှု ပြီးဆုံးခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ရှိ ရေဘေးသင့် ဒေသများတွင် မဲစာရင်းကြေညာမှုကို နောက်ထပ် ရက်သတ္တပတ် နှစ်ပတ်တိုးပေးခဲ့ပါသည်။ အမည်များကို အိမ်ထောင်စု အလိုက်အစား အက္ခရာစဉ်ဖြင့် ကြေညာရန် ဆုံးဖြတ်ခြင်းသည် အချို့သော ဒေသများတွင် ရှုပ်ထွေးမှုများ

[10] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ပြောကြားချက်အရ ဧရာဝတီနှင့် ရန်ကုန်တိုင်း ဒေသကြီးမှ မြို့နယ်(၃၁)တို့သည် တရားဝင် ဒေတာဘေ့စ် ဆော့ဖ်ဝဲ အသုံးပြုမှုကို ရပ်ဆိုင်းခဲ့ပြီး Excel စနစ်ဖြင့် စာတွဲများ အသုံးပြုခြင်း ကဲ့သို့သော အခြားနည်းလမ်းကို မတတ်သာသည့် အဆုံး ကျင့်သုံးကြသည်။
[11] ကာတာစင်တာသည် နိုင်ငံပြင်ပ မဲပေးမှု လုပ်ငန်းစဉ်များကို လေ့လာ စောင့်ကြည့်ခြင်း မပြုပါ။

ဖြစ်ခဲ့သော်လည်း အများစုကတော့ တိုးတက် ကောင်းမွန်မှုတစ်ရပ်ဟု ရှုမြင်ကြပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သော လေ့လာစောင့်ကြည့်ရေး အဖွဲ့ People's Alliance for Credible Elections (PACE)သည် နိုင်ငံအနှံ့တွင်ရှိသော (၈၆၄)နေရာတွင် ရှိသည့် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာမှုကို လေ့လာစောင့်ကြည့်ရန် လေ့လာ စောင့်ကြည့်သူ အယောက် (၁၁၈)ကို စေလွှတ်ခဲ့သည်။ PACE အဖွဲ့မှ ဤသို့ မဲဆန္ဒရှင်စာရင်း ကြေညာသည့် ဖြစ်စဉ်သည် ခြောက်လန့်မှု သို့မဟုတ် ရမ်းဆ၍ ဆုပ်ကိုင်ထားသည့် အစွဲအလန်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများ မရှိကြောင်း တွေ့ရသော်လည်း လုပ်ထုံးလုပ်နည်းများကို တစ်သမတ်တည်း လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်း မရှိကြောင်းနှင့် ထိုလုပ်ငန်းစဉ်ထဲတွင် မဲဆန္ဒရှင်များ ပါဝင်မှု မရှိကြောင်းကိုတော့ မှတ်ချက်ပြုခဲ့ပါသည်။[12]

ရွေးကောက်ပွဲနေ့ မဲဆန္ဒရှင် မည်သူမည်ဝါ ဖြစ်ကြောင်း စစ်ဆေးရန် လိုအပ်ချက်များကို ယခုအချိန်အထိ အများပြည်သူများအား ရှင်းရှင်းလင်းလင်း အသိမပေးထားရသေးပေ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ မဲဆန္ဒရှင်များအားလုံးကို ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုတွင် မဲဆန္ဒရှင်ကတ်ပြားများ ထုတ်ပေးရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှနေ၍ မဲပေးရန်အတွက် ထိုမဲဆန္ဒရှင် ကတ်ပြားများ မလိုကြောင်း အတည်ပြုခဲ့သော်လည်း မဲဆန္ဒရှင် ကတ်ပြားများ ဆက်လက် ထုတ်ပေးခြင်းဖြင့် မည်သူမည်ဝါ ဖြစ်ကြောင်း စစ်ဆေးမှုအပေါ်တွင် ပို၍ မသေချာမှုများ ဖြစ်လာနိုင်ပါသည်။

## ဖျက်သိမ်းခြင်းနှင့် မဲပေးခွင့်မရခြင်း

အောက်တိုဘာလ (၁၃)ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေပါ သဘာဝ ဘေးအန္တရာယ် ကျရောက်နေသော ဒေသများနှင့် လုံခြုံမှု မရှိသည့်ဒေသများတွင် ရွေးကောက်ပွဲများကို ဖျက်သိမ်းရန် လုပ်ပိုင်ခွင့်အပေါ် ကျင့်သုံးပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ကျေးရွာအုပ်စုပေါင်း (၄၀၄)စုတွင် လုံခြုံရေးနှင့် ပတ်သက်သော စိုးရိမ်ရသည့် အချက်များကြောင့် ရွေးကောက်ပွဲများကို မကျင်းပကြောင်း ကြေညာခဲ့ပါသည်။[13] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ဖျက်သိမ်းရန် စဉ်းစားသည့် ဒေသများနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများနှင့် တိုင်ပင် ဆွေးနွေး အကြံပြုချက် ရယူမှု မရှိခဲ့သလို ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်သည့် အခွင့်အလမ်းလည်း

---

[12] PACEအဖွဲ့၏ မဲဆန္ဒရှင်စာရင်း မွမ်းမံပြင်ဆင်မှုကို လေ့လာ စောင့်ကြည့်ခြင်း - အဓိက တွေ့ရှိချက်များကို http://pacemyanmar.org/wp-content/uploads/2015/10/PACE-Keyfindings_-Eng_Sep-30.pdf တွင် လေ့လာနိုင်ပါသည်။

[13] ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အမှတ် ၆၁-၆၅/၂၀၁၅ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက်၊ ကချင်ပြည်နယ်မှ ကျေးရွာအုပ်စု (၂၁၂)စု၊ ကရင်ပြည်နယ်မှ ကျေးရွာအုပ်စု (၉၄)စု၊ ပဲခူးတိုင်းဒေသကြီးမှ ကျေးရွာအုပ်စု(၄၁)စု၊ မွန်ပြည်နယ်မှ ကျေးရွာအုပ်စု(၁)စုနှင့် ရှမ်းပြည်နယ်မှ ကျေးရွာအုပ်စု(၅၆)စု။

မရှိပေ။ ထိုသို့ ရွေးကောက်ပွဲ ဖျက်သိမ်းသည့် ဒေသများစွာတို့တွင် တရားဝင် လုံခြုံရေး ပြဿနာများ ရှိပုံရသော်ငြားလည်း မည်သည့်စံနှုန်းများကို အသုံးပြု၍ ဤသို့ ဆုံးဖြတ်ခဲ့ကြောင်း ပွင့်လင်းမြင်သာမှု မရှိသဖြင့် အချို့သော ဖျက်သိမ်းခဲ့သည့်ဒေသများအတွင်း နိုင်ငံအဆင့် သတင်းမီဒီယာများထဲတွင် သံသယများကို ပေါ်ပေါက်လာခဲ့ပါသည်။ မဲဆန္ဒနယ်များကို ထိုသို့ ဖျက်သိမ်းလိုက်ခြင်းကြောင့် အောက်လွှတ်တော် မဲဆန္ဒနယ်(၅)ခုနှင့် ရှမ်းပြည်နယ် လွှတ်တော် မဲဆန္ဒနယ်(၁၀)ခုတို့တွင် နေရာများ လစ်လပ်နေမည်ဖြစ်ပြီး မဲပေးခွင့်မရခြင်းနှင့် ပတ်သက်၍ စိုးရိမ်မှုများကို ပို၍ ဆိုးရွားစေပါသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ယခုနှစ်အစောပိုင်းက ပြုလုပ်ခဲ့သော ယာယီ နိုင်ငံသားကတ် ကိုင်ဆောင်ထားသူများအား မဲပေးခွင့် မပေးခဲ့သည့် ရွေးကောက်ပွဲ ဥပဒေ ပြင်ဆင်မှုများ နောက်ပိုင်းတွင် ထိုဒေသ လူဦးရေ၏အနည်းစုသာ မဲပေးရန် အခွင့်အလမ်းကို ရရှိပါမည်။ မောင်းတောခရိုင်သို့ သွားရောက်ခဲ့သော ကာတာစင်တာမှ လေ့လာသူများမှ အာဏာပိုင်များသည် မွတ်ဆလင်-ရိုဟင်ဂျာ အများစုရှိသော ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများကို ကြေညာရန်အတွက် ကြိုးစား လုပ်ဆောင်မှု အလွန်နည်းပါးသည်ကို တွေ့ခဲ့ရသလို မဲဆန္ဒရှင်များကို အသိပညာပေး အစီအစဉ်များကို ထိုဒေသများရှိ ကျေးရွာများကို ရောက်ရန် ကြိုးစားအားထုတ်မှု အလွန်နည်းသည်ကို တွေ့ရပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မွတ်ဆလင် ရပ်ရွာလူထုများကို ဦးတည်သည့် ရွေးကောက်ပွဲအကြို ဖိနှိပ်ဖြိုခွင်းမှုကြောင့် မူလကတည်းက တင်းမာနေပြီးသာ ဝန်းကျင်တစ်ခုကို ပို၍ ပြင်းထန် ဆိုးရွားစေသည်။ မည်သို့ပင်ဆိုစေကာမူ အာဏာပိုင်များမှ ရွေးကောက်ပွဲနေ့တွင် ပဋိပက္ခ သို့မဟုတ် အနှောင့်အယှက်များ ဖြစ်မလာနိုင်ဟု မျှော်မှန်းထားကြောင်းနှင့် ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်သူများ လာရောက်မည်ကို ကြိုဆိုကြောင်း ကာတာစင်တာကို ပြောကြားခဲ့ကြပါသည်။

## လေ့လာ စောင့်ကြည့်ခြင်းနှင့် ကြိုတင်မဲပေးခြင်းကို လက်လှမ်းမီခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်မှုကို လက်ကမ်းကြိုဆိုသည့် သဘောထား ဆက်လက်ထားရှိပါသည်။ ကာတာစင်တာမှ လေ့လာ စောင့်ကြည့်သူများအနေဖြင့် အသိအမှတ်ပြုလက်မှတ်ကို အချိန်မှီနှင့် စနစ်တကျ လက်ခံရရှိခဲ့ပြီး နိုင်ငံတဝန်းလုံး လွတ်လပ်စွာ သွားလာခွင့်ကို ဆက်လက် ရရှိခဲ့ပါသည်။ သို့သော်လည်း လေ့လာ စောင့်ကြည့်သူများ အနေဖြင့် မဲဆွယ် စည်းရုံးသည့်ကာလအတွင်း ၎င်းတို့၏ လုပ်ဆောင်ချက်များကို နိုင်ငံတော် လုံခြုံရေးဖက်မှ အနှောင့်အယှက်ဖြစ်သည့် စောင့်ကြည့်မှုများကိုလည်း တွေ့ကြုံခဲ့ရပါသည်။

မြန်မာနိုင်ငံမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်လည်း ပြည်တွင်း လေ့လာ စောင့်ကြည့်မှု လုပ်ငန်းစဉ်များကို အတော်များများ စတင် လုပ်ဆောင်လာကြပါသည်။ ယခုအချိန်အထိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် စုပေါင်း စီမံကိန်း ဆောင်ရွက်မည့် အဖွဲ့အစည်း(၂၈)ဖွဲ့၊

ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်သူပေါင်း တစ်သောင်းကျော်နှင့် တစ်ဦးချင်း တသီးပုဂ္ဂလ ကိုးထောင်ကျော်ကို အသိအမှတ် ပြုထားပါသည်။ အချို့သော ပြည်တွင်း လေ့လာ စောင့်ကြည့်သူများမှာမူ မဲရုံများသို့ သွားလာဝင်ရောက်ခွင့်ကို ရွေးကောက်ပွဲနေ့တွင်မှ မလိုအပ်ပဲ လူများလွန်းခြင်းကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် မဲရုံတာဝန်ခံ အရာရှိများမှ ဝင်ခွင့်မပြုမည်[14] ကို စိုးရိမ်နေကြပါသည်။

ယခုအခါ ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်သူများ အနေဖြင့် စစ်တပ်များအတွင်း အပါအဝင် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးသည့်ကာလအတွင်း မဲပေးခြင်းကို လေ့လာ စောင့်ကြည့်ခွင့် မရသည့် ပုံစံမှာ သိသာထင်ရှားနေပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှလည်း ကြိုတင်မဲခွင့် တောင်းဆိုမှုများ မည်မျှရှိကြောင်း သို့မဟုတ် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးမှု အချိန်ဇယားများနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ဗဟိုအဆင့် စုစည်းထားခြင်းမျိုး မရှိကြောင်း ကာတာစင်တာကို အသိပေးခဲ့ပါသည်။ အကယ်၍ လေ့လာ စောင့်ကြည့်သူများ အနေဖြင့် လုပ်ငန်းစဉ်၏ ဤအပိုင်းကို အပြည့်အဝ လေ့လာ စောင့်ကြည့်ခွင့် မရခဲ့လျှင် အမှန်တကယ် နစ်နာပါသည်။ လေ့လာ စောင့်ကြည့်သူများအနေဖြင့် မဲဆန္ဒနယ် ပြင်ပ ကြိုတင်မဲပေးခြင်းကို သေသေချာချာနှင့် ထိရောက်စွာ လေ့လာ စောင့်ကြည့်နိုင်ရန်နှင့် ဖြစ်စဉ်၏ ဖြောင့်မတ်မှန်ကန်မှုအပေါ်တွင် မှတ်ချက်ပေးနိုင်ရန်မှာ ခြိမ်းခြောက်မှု ကင်းစွာ မည်မျှအထိ မဲများကို လျှို့ဝှက်၍ ပေးသည်၊ မဲပေးသူကိုယ်တိုင်မှ ပေးသည် စသည်တို့ကို အကဲဖြတ်နိုင်ရန် အမှန်တကယ် မဲပေးခြင်းကို စောင့်ကြည့်နိုင်ရန် လိုအပ်ပါသည်။

## နောက်ခံအကြောင်းအရာ

၂၀၁၃ခုနှစ်၊ ဧပြီလနှင့် စက်တင်ဘာလတွင် သမ္မတကာတာ အလည်အပတ် လာရောက်ခဲ့ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ကာတာစင်တာကို ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ခုနှစ် ဇူလိုင်လကြား ကာတာစင်တာသည် နိုင်ငံရေး အသွင်ကူးပြောင်းမှုကို လေ့လာ စောင့်ကြည့်မှု ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်ခင် ဝန်းကျင်၏ ကြိုတင်ဆန်းစစ်မှုကို လုပ်ဆောင်ခဲ့ပါသည်။ ကာတာစင်တာမှ အကြံပြုချက်များပါဝင်သော အစီရင်ခံစာ(၃)စောင်ကို အများပြည်သူအတွက် (၂၀၁၅ခုနှစ်၊ မတ်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလ) ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

[14] ပြည်တွင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်း အများစု၏ နည်းစနစ်တွင် လေ့လာစောင့်ကြည့်သူတိုင်းသည် မဲရုံတစ်ရုံထဲတွင်သာ တစ်နေ့လုံး ရှိနေရန် လိုအပ်သည်။

၂၀၁၅ခုနှစ်၊ မတ်လ(၃၀)ရက်နေ့တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ကာတာစင်တာကို ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများတွင် လေ့လာ စောင့်ကြည့်ရန် ဖိတ်ကြားခဲ့ပါသည်။ ဩဂုတ်လ(၁) ရက်နေ့တွင် ကာတာစင်တာသည် ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်ရေးအဖွဲ့ကို တရားဝင် တည်ထောင်ခဲ့ပြီး အသိအမှတ်ပြု လက်မှတ်ကို တောင်းခဲ့ပါသည်။ ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်ရေးအဖွဲ့တွင် ရန်ကုန်တွင် အခြေစိုက်သည့် (၄)ဦးပါဝင်သော ပင်မအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသို့ တာဝန်ထမ်းဆောင်သော ရေရှည် လေ့လာ စောင့်ကြည့်သူ (၆)ဦးတို့ ပါဝင်သည်။ ရွေးကောက်ပွဲနေ့တွင် မဲပေးမှုကို လေ့လာ စောင့်ကြည့်ရန် ကာတာစင်တာအနေဖြင့် ရေတို လေ့လာစောင့်ကြည့်သူများ (short-term observers - STO)ကို နိုဝင်ဘာလ၏ ပထမပတ်တွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စေလွှတ်သွားပါမည်။ ကာတာစင်တာအနေဖြင့် ကွင်းဆင်း လေ့လာတွေ့ရှိချက်များကို ကြိုတင် ထုတ်ပြန်ချက်တစ်ခု နိုဝင်ဘာလ(၁၀)ရက်နေ့တွင် ထုတ်ပြန်ပါမည်။ ဘက်စုံပါဝင်သော အပြီးသတ် အစီရင်ခံစာအား ရွေးကောက်ပွဲအပြီး နောက်ပိုင်းလများတွင် ထုတ်ပြန်သွားပါမည်။

ကာတာစင်တာသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဖြစ်စဉ်ကို ပြည်တွင်းရွေးကောက်ပွဲ ဥပဒေမူဘောင်နှင့် နိုင်ငံတကာစာချုပ်များမှ ဆင်းသက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများနှင့် နှိုင်းယှဉ်ပြီး ဆန်းစစ်နေပါသည်။ ကာတာစင်တာ၏ လေ့လာစောင့်ကြည့်မှုကို နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှု အခြေခံသဘောတရား ကြေညာစာတမ်းနှင့် အညီ ဆောင်ရွက်ပါသည်။

ရွေးကောက်ပွဲဖြစ်စဉ်ကို လေ့လာစောင့်ကြည့်ရန် ကာတာစင်တာ၏ ကြိုးစားအားထုတ်မှုများကို ကူညီပံ့ပိုးပေးပါသော မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ၊ အစိုးရအရာရှိများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ တသီးပုဂ္ဂလပုဂ္ဂိုလ်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များကို ကျေးဇူးဥပကာရ တင်ရှိပါသည်။

**ကာတာစင်တာ**

"ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်၊ ရောဂါဘယကို တိုက်ဖျက်၊ မျှော်လင့်ချက် တည်ဆောက်"

အကျိုးအမြတ်အတွက် မဟုတ်သော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ကာတာစင်တာကို နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာစေရန် ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့် စီးပွားရေး အခွင့်အလမ်း တိုးမြှင့်စေခြင်း၊ ရောဂါဘယများမှ ကာကွယ်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမို ကောင်းမွန်လာစေခြင်းတို့ဖြင့် ကူညီပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့်

ကျန်းမာရေးကို တိုးမြှင့်ပေးနိုင်ရန် ကာတာစင်တာကို ၁၉၈၂ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီး ရိုဇလင်းတို့မှ အီမိုရီတက္ကသိုလ်နှင့် မိတ်ဖက်ဖွဲ့ကာ တည်ထောင်ခဲ့ပါသည်။ နိုင်ငံတကာ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ စံနှုန်းများကို အကဲဖြတ်မှုများနှင့် အကြံပြုချက်များအတွက် အခြေခံအဖြစ်ထားပြီး ကာတာစင်တာသည် ကမ္ဘာအနှံ့တွင် နိုင်ငံပေါင်း ၃၈နိုင်ငံတွင် ရွေးကောက်ပွဲပေါင်း ၁၀၀ ကျော်ကို လေ့လာစောင့်ကြည့်ခဲ့ပါသည်။

ကာတာစင်တာနှင့် ပတ်သက်၍ သိလိုသည်များကို www.cartercenter.org တွင် လေ့လာနိုင်ပါသည်။